ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန် ကြီး ရုံး

**အမိန့်အမှတ် - ၉ / ၉၉**

ရန်ကုန်မြို့ ၊ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၁၉၉၉ ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက် )

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃ (၁) အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နယ်စပ်ဒေသများမှတစ်ဆင့် တင်သွင်းခွင့်မပြုသောပစ္စည်းများအဖြစ်သတ်မှတ်သည့်အမိန့်ကိုထုတ်ပြန်လိုက်သည်။

**နယ်စပ်ဒေသများမှတစ်ဆင့်တင်သွင်းခွင့်မပြုသော ပစ္စည်းများအဖြစ်သတ်မှတ်သည့်အမိန့်**

၁။ မှတ်ပုံတင်ထားသောထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များ သမဝါယမအသင်းများသည်ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့်နယ်စပ်ဒေသများမှတစ်ဆင့် တင်သွင်းခွင့်မပြုသောပစ္စည်းများကို ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ အောက်ပါအတိုင်းပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် တင်သွင်းခွင့်မပြုသောပစ္စည်းများစာရင်း ၊ နောက်ဆက်တွဲ (၁)

၂။ ပြည်ပမှတင်သွင်းခွင့်မပြုသော ပစ္စည်းများကို ပြည်တွင်းရေးကွက်လိုအပ်ချက်အခြေအနေများအပေါ် မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ပြင်ဆင်ဆောင်ရွက်ခွင့်ပြုသည်ဖြစ်သည်။

ဗိုလ်မှူးချုပ်ပြည်စိုး
ဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

စာအမှတ်၊ ၃၇ က ၉၉ ၊ (၉)
ရက်စွဲ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်။
( ၁၉၉၉ ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက် )။

<u>မိတ္တူကို</u>

**မိတ္တူဖြန့်ဝေခြင်း**

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး၊
၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊
၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊
၄။ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊
၅။ အတွင်းရေးမှူး၊ ကုန်သွယ်မှု မူဝါဒကောင်စီ၊
၆။ အစိုးရအဖွဲ့ရုံး၊
၇။ တရားရုံးချုပ်၊
၈။ ရှေ့နေချုပ်ရုံး၊
၉။ စာရင်းစစ်ချုပ်ရုံး၊
၁၀။ ပြည်သူ့လွှတ်တော်ရုံး၊
၁၁။ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
၁၂။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး
၁၃။ ဝန်ကြီးဌာနအားလုံး
၁၄။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးနှင့် ဆိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊
၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊
၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်
တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် ပေးပို့အပ်ပါသည်။
(အစိုးရပုံနှိပ်စက်ရုံအတွက်)
၂၅။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊

အမိန့်အရ

(ခင်ဖေဝင်း)
ရုံးအဖွဲ့မှူး

နောက်ဆက်တွဲ (၁)

## ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် နယ်စပ်ဒေသများမှတင်သွင်းခွင့်မပြုသောပစ္စည်းစာရင်း၊ ကုန်ပစ္စည်းအမျိုးအမည်

### စားသောက်ကုန်ပစ္စည်းများ

၁။ အချိုမှုန့်
၂။ အချိုရည်
၃။ ဘီစကွတ်မျိုးစုံ
၄။ Chewing Gum
၅။ Cake
၆။ Wafer
၇။ Chocolate
၈။ စည်သွပ်ဘူးများ (အသားနှင့်အသီး)
၉။ ခေါက်ဆွဲခြောက်အမျိုးမျိုး
၁၀။ အရက်
၁၁။ ဘီယာ
၁၂။ စီးကရက်
၁၃။ သစ်သီး (အစို) အမျိုးမျိုး
၁၄။ ပလပ်စတစ်လူသုံးအိမ်သုံးပစ္စည်းမျိုးစုံ
၁၅။ တည်ဆဲဥပဒေများအရကန့်သတ်ထားသောပစ္စည်းများ